# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၃၈) ရက်မြောက်နေ့ အစီအစဉ်

## [ ၃ - ၉ - ၂၀၁၂ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၃၈)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်းအတွက် ပြင်ဆင်ဖွဲ့စည်းသည့် ကော်မတီများတွင် ပါဝင်သည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ညွှန့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **နိုင်ငံတော်အဆင့် စီမံကိန်းများနှင့် အစိုးရပရော့ဂျက်များတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များကို လုပ်ငန်းအပ်နှံ ဆောင်ရွက်ရာတွင် ကုမ္ပဏီအစုအဖွဲ့၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာ အများပြည်သူ မသိရှိလိုက်ရဘဲ လုပ်ငန်း**

**အပ်နှံမှုမရှိစေရေးနှင့် ပွင့်လင်းထင်သာမှုရှိစွာဖြင့် မျှတစွာ ယှဉ်ပြိုင်လျှောက်ထားခွင့်ပြုနိုင်ရေးအတွက် စိစစ်အရေးယူ ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)၏ **မွန်ပြည်နယ်၊ ရေးမြို့တွင် မြစ်ရေကြီးခြင်း၊ ရေတိုက်စားခြင်း၊ မြစ်ကမ်းပါးမြေနံရံများ ပြိုကျခြင်း၊ မြေထိန်းနံရံနိမ့်ကျပြိုပျက်ခြင်းတို့ကို ကာကွယ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

( ခ ) ဗိုလ်မှူးကြီးအောင်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်

( ဂ ) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

(ဃ) ဗိုလ်မှူးကြီးသက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်

( င ) ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( စ ) ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၈။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်

၉။ အမျိုးသားလွှတ်တော်အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီကကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၁၀။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) သည် နိုင်ငံ၏ အခြေခံလူတန်းစားများအတွက် အဓိကလုပ်ငန်းခွင်ဝင်ရောက်ရာ အဓိကဝင်ငွေရရှိရာ လုပ်ငန်းများ ဖြစ်နေပါသဖြင့် နိုင်ငံတကာဈေးကွက်၏ လက်ဝါးကြီးအုပ်လွှမ်းမိုးခံရခြင်းမှ ကာကွယ်ပေးခြင်း၊ ဈေးကွက်ဝေစု ရှာဖွေပေးခြင်း၊ နည်းပညာနှင့် ငွေကြေးကူညီပံ့ပိုးပေးခြင်း၊ ဥပဒေဖြင့်အကာအကွယ်ပေးခြင်း စသည့် အစီအစဉ်များကို ၂၀၁၅ ခုနှစ် AFTA လုပ်ငန်းစဉ်များ စတင်သက်ဝင်ခြင်းမရှိသေးမီ အထူးတလည် ကူညီဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ခ ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။